


ကာတွန်း
အောင်အောင်
ကပ္ပိ
ရွှေဂေါင်းကြော်
စဉ်သူ
မျိုးမင်းဝင်း

# ကာတွန်း အောင်အောင် ရဲ့


နေ့ဒေါင်းပြောင်ပါဝင်တဲ့


# ကမဝ


ဝတ္ထု-ကြင်စု

စီစဉ်သူ မျိုးမင်းသင်း

ဘိုနီစာပေ


ဒီနေ့ဒီအချိန်ကစပြီး ရက်ပိုင်းအတွင်း
အောင်မြင်အောင်ထမ်းဆောင်ရမယ့်
တာဝန်တစ်ခု ပေးစရာရှိတယ်




ဒီတာဝန်ဟာ အဓိကအနေနဲ့ ရွှေဝါကျွန်းက ပင်မအရင်းခံဖြစ်နေလို့ ရွှေဝါကျွန်းနဲ့ပတ်သက်ပြီး အယင်ဆုံးရှင်းပြရမယ်
ဟုတ်ကဲ့ အမိန့်ရှိပါ တပ်မှူး


ဒီလိုကွယ့် ရွှေဝါကျွန်းဟာ
မောင်တို့သိထားတဲ့အတိုင်း
တို့နိုင်ငံကပိုင်တယ် တချိန်က နယ်ချဲ့
လက်ပါးစေတွေ က သိမ်းပိုက်ခဲ့လို့ ငါတို့တတွေ
လက်လွှတ်ဆုံးရှုံးခဲ့ရတယ်


လွန်ခဲ့တဲ့ တစ်နှစ်ကမှ တို့ပြန်ပြီး သိမ်းပိုက်နိုင်ခဲ့တယ် ဒီကျွန်းဟာ စစ်ရေးအရ အရေးမပါပေမယ့်
စီးပွားရေးအရ ရွှေငွေနဲ့ အဖိုးတန်ကျောက်မျက် ရတနာ ထွက်လို့ နောက်တကြိမ် လက်လွှတ်ဆုံးရှုံး မခံနိုင်ဘူး
ဒါကြောင့်ဒီကျွန်းကို ပြန်သိမ်းပြီးပြီးချင်း အစောင့် စစ်သား၁၅၀၀နဲ့ ကာကွယ် စောင့်ရှောက်ဖို့ တပ် ချထားခဲ့တယ်


တန်ဖိုးရှိတဲ့ ကျွန်းရဲ့ အခြေအနေအရပ်ရပ်ကို သိထားတဲ့ ဘာမထိ ကျွန်းသားတွေဟာ
ရွှေဝါကျွန်းကိုတို့လက်ထဲက ပြန်ရဘိုပ အမြဲမျက်ခေါင်း ထိုးခဲ့တယ်
ဒီတကြိမ်မှာတော့ သူတို့က အကြမ်းဝင်မတိုက်ဘူး ကျွန်းကို အမိနိုင်ငံနဲ့ အဆက်အသွယ် ပြတ်အောင်


ပိတ်ဆို့ ဖြတ်တောက်မှုတွေ လုပ်လာတယ်
ကျွန်းဆိုတော့လည်း ကြည်းတပ်အနေနဲ့ ဘာမှမတတ်နိုင်ဘူး ပင်လယ်ပြင် တလွှားမှာ တိုက်သင်္ဘောတွေနဲ့ ရေကြောင်းကိုအမြဲတမ်း ပိတ်ဆို့ထားဘို့ကလည်း မလွယ်လှဘူး
ဒီမှာတင် ဘာမထီတပ်တွေဟာ သူတို့ရဲ့ဘာမထီအမြောက်ကြီး နှစ်လက်ရဲ့စွမ်းအားကို အားကိုးပြီး


ရွှေဝါကျွန်းနဲ့တကွ
ဘာမထီပင်လယ်ပြင်
တလွှားကိုပိုက်ဆို့
လာတယ်


သဘော်ကမှန်သမျှကို ပစ်ခတ်ပြီး
ရေအောက်ကိုမြှုပ်နိုင်ခဲ့တယ်တို့တတွေရဲ့
ရွှေဝါကျွန်းကိုပို့တဲ့လက်နက်နဲ့
ရိက္ခာသဘော်တွေကိုလည်း


ဒီအမြောက်ကြီး
လက်ချက်နဲ့မြှုပ်ခဲ့ရတယ်
မကြာခင်ရက်ပိုင်းအတွင်းမှာ
တော့ သူတို့အလုံးအရင်းနဲ့
ရွှေဝါကျွန်းကို
သိမ်းပိုက်ဖို့
စီစဉ်နေကြပြီဆိုတာကို
ခိုင်ခိုင်လုံလုံသိထားရပြီ
ဒီကိစ္စအတွက်
မင်းတို့ကိုခေါ်ရတာပဲ


ဟုတ်ကဲ့ ကျွန်တော်တို့ရဲ့ တာဝန်က
အေး အဲဒါဆက်ပြောမယ် သူတို့ကျွန်းကိုသိမ်းယင် တို့နယ်မြေပါသွားတာထက် ဆောဆောဆယ်
တပ်သားတစ်ထောင့်ငါးရာ ကြက်သေ ငှက်သေ သေနိုင်တယ်
ဒီတပ်သားတွေကို ကယ်ထုတ်ဖို့ကလည်း ဘာမထီအမြောက်ကြီး ပိတ်ဆို့မှုကြောင့်
၁၁


လှေတွေသင်္ဘောတွေနဲ့
သွားဖို့မဖြစ်နိုင်ဘူးဒီတော့
တို့တတွေကြုံတွေ့နေရတဲ့
အကြပ်အတည်းကို
ရက်ပိုင်းအတွင်းမှာ
လူတိုင်းစိတ်မကူးရဲတဲ့
အလုပ်တစ်ခုနဲ့ဖြေရှင်းရမယ်
အဲဒါဟာ
ဘာမထီကမ္ဘာကြီးကို
ကျော်တက်ပြီး


အမြောက်ကြီးနှစ်လက်ကို ဖြစ်တဲ့နည်းနဲ့ ဖျက်ဆီးပစ်ရမယ်
ဒီဖျက်ဆီးပစ်ရမယ့်အလုပ်ဟာ မင်းတို့ကိုပေးအပ်မယ့် တာဝန်ပဲ-ကဲ ဘယ်နှဲ့လဲဟေ့
အခြေအနေအားလုံးကို သဘောပေါက်ရဲ့လား မရှင်းတာ ရှိယင်မေးနိုင်တယ်


ဟုတ်ကဲ့တပ်မှူးကျွန်တော်မျိုး မေးပါရစေ ကျွန်တော်မျိုးတို့က ကျွန်းပေါ်က တပ်သားတွေကို သွားကယ်ရမှာလား
မဟုတ်ဘူးကျွန်းပေါ်မှာရှိနေတဲ့ တပ်သား၁၅၀၀ကျော်ကို ကယ်ဖို့ကတို့ရဲ့တာဝန်
မင်းတို့ကဒီကျွန်းကိုသွားတဲ့ ရေကြောင်းကိုပိတ်ဆို့ထားတဲ့ ဘာမထီအမြောက်ကြီးတွေကို ဖျက်ဆီးရမှာပဲ


နယ်ချဲ့လက်ပါးစေတွေရဲ့
ဒီဘာမသိအမြောက်ကြီးတွေကို
ဖျက်ဆီးရမှာစိတ်ကူးနဲ့တောင်
မလွယ်လှဘူး
ဟုတ်တော့ ဟုတ်တယ်
တပ်မှူး
ခက်တာတော့အမှန်ဘဲ
ဒါပေမယ့် ငါရှင်းပြမယ်


ဒီကိစ္စကို မင်းတို့နောက်တွန့်လို့မရဘူး
ဘာဖြစ်လို့လဲသိလားငါတို့တတွေဟာ
တိုင်းပြည်နဲ့လူမျိုးအတွက်အသက်ကို
ပေးလှူဖို့သစ္စာထားသူတွေ
ကျွန်းပေါ်ကတပ်သား၁၅၀၀ကျော်ဟာလည်း
မင်းတို့ငါတို့လိုသွေးသောက်တွေပဲ
သူတို့တတွေဟာသယံဇာတ
ကြွယ်ဝပြီးအဖိုးတန်တဲ့ဒီကျွန်းကို


ပြန်လည်သိမ်းပိုက်
ဆောင့်ရှောက်ယင်းခရီးလမ်းနဲ့
ရိက္ခာပါရန်သူရဲ့ဖြတ်တောက်
ပိတ်ပင်ခြင်းကို
ခံနေရသူတွေ
ဒီတော့ကျွန်းနဲ့တကွ
တပ်မတော်သားတွေရန်သူ့
လက်ထဲမကျဖို့တို့မှာ
တာဝန်ရှိတယ်
ပြီးတော့အချိန်ဆိုင်းလို့မရဘူး
ရက်ပိုင်းနဲ့ပြီးအောင်ဆောင်ရွက်
ရမယ်ဒီလိုဆောင်ရွက်
နိုင်ခဲ့ယင်
၁၇


ရတနာတွေရှိတဲ့
တို့ကျွန်းကိုလည်းရန်သူ့လက်
ပေးလိုက်ရမယ်တို့ရဲ့
ညီအစ်ကိုသွေးသောက်
တပ်မတော်သား
၁၅၀၀ကျော်ကို
ကြက်ကလေး
ငှက်ကလေး
အသတ်ခံရသလို
သတ်ဖြတ်ကြ
လိမ့်မယ်
ကဲ ဒါတွေကို
မင်းတို့မျက်ကွယ်
ပြုကြမလား


ကျွန်တော်တို့ မျက်ကွယ်မပြုနိုင်ကြပါဘူး
ဒါဖြင့်ယင် မင်းတို့တာတွေဟာ ပေးအပ်တဲ့တာဝန်အတွက်
မုန်တိုင်းထန်တဲ့ ပင်လယ်ပြင်ကိုလည်း ကျော်ဖြတ်ရမယ်
၁၉